# ရွှေပန်းကိုင်းကျေးရွာ

# သရက်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေပန်းကိုင်းကျေးရွာ၊ သရက်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉–ခုနှစ်၊ ဇွန်လ

မာတိကာ


| | | | |
|---|---|---|---|
| မာတိကာ | | | ၂ |
| စကားချီး | | | ၄ |
| ရွှေပန်းကိုင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်မြို့နယ် | | | ၇ |
| ၁။ | တည်နေရာနှင့် ပထဝီဝင်အနေအထား | | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | | ၈ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | | ၉ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | | ၁၀ |
| | (က) | သီးနှံစိုက်ပျိုးရေး | ၁၀ |
| | (ခ) | မွေးမြူရေးလုပ်ငန်း | ၁၀ |
| | (ဂ) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) | ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၁ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | | ၁၁ |
| | (က) | ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၁ |
| | (ခ) | ကျေးရွာမီးလင်းရေး | ၁၁ |
| | (ဂ) | သတင်းနှင့်ဆက်သွယ်ရေး | ၁၁ |
| ၆။ | ပညာရေး | | ၁၂ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | | ၁၂ |
| ၈။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | | ၁၃ |
| ၉။ | ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ | | ၁၃ |

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၅

နောက်ဆက်တွဲ ၁၇

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၁၇

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၉

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၈

နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) ၇၂

နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) ၇၅

နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) ၇၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈–၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရွှေပန်းကိုင်း ကျေးရွာ၏ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ရေးဆွဲသည့် ပထမဦးဆုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေး ကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် သရက်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိနားလည်ခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ

ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်း စဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တွင်လည်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက် များ၊ မကွေးတိုင်းအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်းနှစ်ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိမှုလမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက် များ ပါဝင်ပါသည်။

ဇွန်လ၊ ၂၀၁၉-ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေပန်းကိုင်းကျေးရွာ

သရက်မြို့နယ်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ရွှေပန်းကိုင်းကျေးရွာအုပ်စု၊

ရွှေပန်းကိုင်းကျေးရွာ၏ကျေးရွာနှင့် သယံဇာတပြမြေပုံ



၁။ ကျေးရွာ၏ တည်နေရာနှင့် ပထဝီဝင် အနေအထား

သရက်မြို့နယ်၊ ရွှေပန်းကိုင်းကျေးရွာအုပ်စု၊ ရွှေပန်းကိုင်းကျေးရွာသည် သရက်မြို့နှင့် (၃၀)မိုင်ခန့်အကွာ မန်ကျည်းပင်ပု - ရွှေပန်းကိုင်းကားလမ်းမပေါ်တွင် တည်ရှိပြီး ခြောက်သွေ့ရာသီတွင် သရက်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ရွှေပန်းကိုင်း ကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကျေးရွာများမှာ ရွာ၏အရှေ့ဘက်တွင် သာစည်ကျေးရွာ၊ အရှေ့တောင်ဘက်တွင် ပေါက်ဖြူကျေးရွာ၊ တောင်ဘက်တွင် မကျီးရုံ ကျေးရွာ၊ စစ်သားကျေးရွာနှင့် သံပရာကိုင်းကျေးရွာ၊ မြောက်ဘက်တွင် ညောင်ဝိုင်းကျေးရွာ တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ကျေးရွာသည် တောင်းတန်းဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေးအနည်းငယ်သာ လုပ်ကိုင်ပါသည်။ ကျေးရွာအနီးတွင် တောတောင်၊ ချောင်းများ ရှိပြီး မြေပြင်အနေအထားမှာ မညီညာဘဲ တောင်ကုန်း၊ ချိုင့်ဝှမ်းများ ပေါများသည်။ လယ်ယာမြေများသည် စပါး၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအတွက် အဓိက အားထားရာ ဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် ပူပြင်းခြောက်သွေ့ ပြီး တခါတရံ မိုးနည်းပြီး၊ တခါတရံ မိုးများသဖြင့် ရာသီဥတု မမှန်သော အနေအထား ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၂၇.၅၃)ဧက၊ ယာမြေ(၉)ဧက၊ ကိုင်း (၁၃.၂၅)ဧကနှင့် စားကျက်မြေ(၁၅.၇၅)ဧက စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၁၆၅.၅၃)ဧက ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ တောင်သူအိမ်ထောင်စုတစ်စု လျှင် ပျမ်းမျှ (၂)ဧကခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအတွင်းရှိ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ရှိပါသည်။

ရွှေပန်းကိုင်းကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတ များ (ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်)များ ထွက်ရှိမှုမရှိပါ။ နွားစာ/ ဝက်စာများအဖြစ် စားကျက်မြေ အသင့်အတင့် ရှိပါသည်။ သဘာဝအပင်မျိုးစိတ်များ ရှိပြီး၊ တိရစ္ဆာန် မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပါသည်။ အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရွှေပန်းကိုင်းကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများမှာ- ဘာသာရေးအသင်းအဖွဲ့များအဖြစ် ဂေါပကအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ အဖြစ် ရပ်မိရပ်ဖအဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့်နာယကအဖွဲ့၊ ပညာရေးအဖွဲ့များအဖြစ် ကျောင်းအကျိုး တော်ဆောင်အဖွဲ့နှင့် ကျောင်းပဒေသပင်အဖွဲ့၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး အဖွဲ့များ အဖြစ် အုပ်ချုပ်ရေးအဖွဲ့နှင့် အရန်မီးသတ်အဖွဲ့တို့ ဖွဲ့စည်း ဆောင်ရွက်လျှက် ရှိကြောင်း တွေ့ရှိရပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ် ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီဝင်များသည် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်း များ၊ ဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ရွှေပန်းကိုင်းကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများ ဖြစ်ပြီး စိုက်ပျိုးမြေ (၅)ကေမှ(၁၂.၅) ကေကြား ပိုင်ဆိုင်သူ အိမ်ထောင်စု(၃)စု၊ အလယ် အလတ် အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၉၀)စု၊ မြေပိုင်ဆိုင်မှု မြေယာမဲ့ လက်လုပ်လက်စား အိမ်ထောင်စု (၃၇)စု ရှိကြောင်း တွေ့ရှိရပါသည်။

အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့် ပဲကြီးဖြစ်ပါသည်။ စပါး အထွက်နှုန်းမှာ (၁) ကေလျှင် အနည်းဆုံး (၅၀)တင်း၊ အများဆုံး (၈၀)တင်းနှင့် ပျမ်းမျှ (၆၀)တင်း ထွက်ရှိပါ သည်။ ပဲကြီး(၁)ကေ အထွက်နှုန်းမှာ အနည်းဆုံး (၁၀)တင်း၊ အများဆုံး (၁၄)တင်းနှင့် ပျမ်းမျှ (၁၂)တင်း ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ်အနေဖြင့် အသင့် အတင့် ရရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ရွှေပန်းကိုင်းကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၃၃)စုရှိပြီး ဝက်အကောင်ရေ (၃၃)ကောင်၊ ကြက်မွေးမြူရေးလုပ်ကိုင်သူအိမ်ထောင်စု (၇၃)စုရှိပြီး ကြက်ကောင်ရေ (၈၁၄)ကောင် ၊ နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၅၉)စု ရှိပြီး နွားအကောင်ရေ (၁၃၇) ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားအသက်မွေး ဝမ်းကျောင်း လုပ်ငန်းများအဖြစ် ဈေးရောင်းခြင်း၊ ကိုယ်ပိုင်စက်ချုပ်ခြင်း၊ ပို့ဆောင် ဆက်သွယ်ရေးအဖြစ် လိုင်းကားဆွဲခြင်းနှင့် နေ့စား/ ကျပန်းများအဖြစ် လုပ်ကိုင်ကြပြီး အခြားအသက်မွေး ဝမ်းကျောင်း အတတ်ပညာ တတ်မြောက်မှု အားနည်းသဖြင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ရန် လိုအပ်ကြောင်း တွေ့ရှိရ ပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ ငွေလွှဲ/ငွေပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက ကျေးရွာနှင့် (၃၀)မိုင်ခန့် ကွာဝေးသော သရက်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိက ဘဏ်(၄)ခုဘဏ်တို့သို့ သွားရောက်၍ ငွေလွှဲ/ငွေပို့ခြင်းများ ဆောင်ရွက်ကြရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ အဓိကထွက်ကုန်များကို သရက်မြို့ ဈေးကွက်သို့ ပို့ဆောင်ရောင်းချ ပါသည်။ ကျေးရွာမှ သရက်မြို့သို့ အကွာအဝေးမှာ (၃၀)မိုင်ခန့်ရှိပြီး ကား/ သုံးဘီး/ ဆိုင်ကယ်တို့ဖြင့် သယ်ယူပို့ဆောင်ခြင်းဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက် လမ်းများအားလုံးမှာ မြေသားလမ်းများ ဖြစ်သဖြင့် မိုးရာသီတွင် သွားရေးလာရေး ခက်ခဲမှု များ ကြုံတွေ့ကြရပါသည်။ ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စုများ၏ သယ်ယူ ပို့ဆောင်ရေး ယာဉ်များ ပိုင်ဆိုင်မှုအနေဖြင့် ဆိုင်ကယ်(၃၇)စီး၊ စက်ဘီး (၉)စီး၊ ကား(၂)စီး နှင့် နွားလှည်း (၅၂)စီး ပိုင်ဆိုင်ကြပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာအတွင်းနေထိုင်သည့် အိမ်ထောင်စု(၁၃၈)စုအနက် (၁၉)အိမ်မှာ ကိုယ်ပိုင် ဆိုလာမီး သုံးစွဲကြပြီး အဆိုပါ မိသားစု(၁၉)စုအပါအဝင် ကျေးရွာနေအိမ်ထောင်စုများ အားလုံးသည် ကျေးရွာပိုင်အင်ဂျင်မီးစက်မှ မီးရယူသုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၁၀၃) လုံး၊ ရေဒီယို (၁၁)လုံး၊ တီဗွီ (၄၁)လုံး ပိုင်ဆိုင်ကြခြင်းကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၆။ ပညာရေး

ကျေးရွာသူ/သားများအနေဖြင့် ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိပြီး အများစုမှာ အခြေခံ အရေး၊ အဖတ်၊ အတွက်အချက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် မူလတန်းလွန်ကျောင်းရှိပြီး မူလတန်းနှင့် အလယ်တန်းအထိ ကျေးရွာတွင်ပင် သင်ယူနိုင်ပြီး အထက်တန်းပညာကို သရက်မြို့ရှိ အခြေခံ ပညာအထက်တန်းကျောင်းများသို့ သွားရောက်ပညာသင်ယူကြရသည်။ ရွှေပန်းကိုင်းကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူ ဦးရေမှာ မူလတန်းတွင် (၄၂)ဦး၊ အလယ်တန်းတွင် (၂၀)ဦး၊ အထက်တန်းတွင် (၇)ဦးနှင့် တက္ကသိုလ် တက်ရောက်နေ သူ (၇)ဦး ရှိပါသည်။

ရွှေပန်းကိုင်းကျေးရွာရှိ မူလတန်းလွန်ကျောင်းတွင် စာသင်ကျောင်းဆောင် (၂)ဆောင် ရှိပြီး (၅၀'×၃၆')ပေရှိ ပင်မကျောင်းဆောင်တစ်ဆောင်၊ (၄၅'×၃၅') အကျယ်ရှိ မူလွန်ကျောင်း ဆောင်တစ်ဆောင်ရှိပါသည်။ မူလတန်းလွန်ကျောင်းတွင် ကျောင်းသား(၂၅)ဦးနှင့် ကျောင်းသူ (၂၀)ဦး စုစုပေါင်း(၄၅)ဦး တက်ရောက် ပညာသင်ယူလျှက်ရှိပါသည်။ အစိုးရခန့် ဆရာ/ ဆရာမ(၇)ဦးတို့မှ တာဝန်ယူ သင်ကြားလျှက်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွှေပန်းကိုင်းကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပြီး ကျေးရွာနှင့် (၃)မိုင်ခန့် အကွာ

အလတ်လယ်ကျေးရွာတွင် တိုက်နယ်ဆေးရုံ၊ ရွာနှင့်(၃၀)မိုင်ခန့်အကွာတွင် သရက် ခရိုင်ပြည်သူဆေးရုံကြီးသို့ သွားရောက်ဆေးကုသမှု ခံယူကြကြောင်း၊ ကျေးရွာ (သို့မဟုတ်) ကျေးရွာအနီးတွင်လည်း ဆေးဆိုင်မရှိကြောင်းသိရှိရပါသည်။ ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရှိရပါသည်။ အခြား HIV/ AIDS ရောဂါများ ဖြစ်ပွားမှု လုံးဝမရှိပါ။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ဆင်ခြေ ထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ စသည့် ရောဂါများအတွက် ကာကွယ်ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အဟာရပညာပေး အစီအစဉ် များလည်း ဆောင်ရွက်ခဲ့ပါသည်။

ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှု အနေဖြင့် မြေသားရေကန် (၂)ကန်နှင့် စိမ့်စမ်းရေတို့မှ ရယူသုံးစွဲကြပြီး နွေရာသီတွင် သောက်သုံးရေ အနည်းငယ်ရှား ပါးပါသည်။ ကျေးရွာ၏ ပတ်ဝန်းကျင် သန့်ရှင်းရေးများကိုလည်း စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာနေ အိမ်ထောင်စုအများစုမှာ ကျန်းမာရေးဗဟုသုတရှိသည့် အားလျော်စွာ သန့်ရှင်းသော ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲသူ အိမ်ထောင်စု (၁၀၉)စုရှိပြီး တွင်းရှိ အိမ်သာသုံးစွဲသူ အိမ်ထောင်စု(၂၁)စု ရှိပါသည်။

၈။ ဘေးအန္တရယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်း ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများသည် အငှားလိုက် နေ့စားများ အဖြစ် လုပ်ကိုင်ကြပြီး မိုးတွင်းကာလတွင် ငှားရမ်းသူမရှိခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံမှု ကြုံတွေ့ရတတ်ပါသည်။ အချို့နှစ်များတွင် မုန်တိုင်းတိုက်ခတ်မှုများ ကြုံတွေ့ကြရသော် လည်း ကြီးကြီးမားမား ဆုံးရှုံးမှု မရှိခဲ့ပါ။ အခြားသဘာဝဘေး အန္တရာယ်ဖြစ်ပွားမှု နည်းပါး ပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ကြွယ်ဝသည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်းလည်း နည်းပါးပါသည်။

စိုက်ပျိုးမြေများမှာ နှစ်ကာလ ကြာရှည်စွာ စိုက်ပျိုးခဲ့ကြပြီး မြေသြဇာအသုံးပြုမှု နည်းပါးသဖြင့် သဘာဝမြေဆီလွှာ၏ အရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုရှိပြီး အမျိုးသားများနည်းတူလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိမှုအားနည်းပါသည်။ သို့သော် အခြားသောလူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် ဦးစီးဦးဆောင် ဆောင်ရွက်မှု ကောင်းမွန်ပြီး ကျေးရွာ၏ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးတွင်လည်း လုပ်ဆောင်နိုင်ကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍ အသီးသီးတွင် အမျိုးသမီးများအပေါ် ကျားမ ခွဲခြားမှုမရှိဘဲ ပူးပေါင်း၍ ဆောင်ရွက်မှုများ အားကောင်းလာခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ရွှေပန်းကိုင်းကျေးရွာ၏ဦးစားပေးစီမံချက်များကို ကျေးရွာတွင် လေ့လာတွေ့ရှိရသော လိုအပ်ချက်/ပြဿနာများ၊ ကျေးရွာနေပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ပေးစီမံချက် များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ရေရရှိရေး | ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် အင်ဂျင်ပန့်တပ်ဆင်ခြင်း၊ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလံ (၅၀၀၀)ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း | ၂၈၂ | ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေသိန်း(၁၀၀)နှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့်လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန် | |
| ရေရရှိရေး | မြေသားရေကန် ပြုပြင်ရန် | ၁၇၅ | ၂ | သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ မြေသားရေကန် ပြုပြင်ရန်အတွက် တင်ပြ တောင်းခံရန် | |
| မြေထိန်းနံရံ | မြေထိန်းနံရံ တည်ဆောက်ရန် | ၁၇၁ | ၃ | သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ မြေထိန်းနံရံ တည်ဆောက်နိုင်ရေး တင်ပြ တောင်းခံရန် | |

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ် ချက် |
| --- | --- | --- | --- | --- | --- |
| ပညာရေး | စာသင်ကျောင်း ဆောင်သစ် တည်ဆောက်ခြင်း | ၁၅၈ | ၄ | သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ စာသင်ကျောင်းဆောင်သစ် တည်ဆောက်နိုင်ရေး တင်ပြတောင်းခံရန် | |
| ရေရရှိရေး | ဆည်ဟောင်း ပြုပြင်ရန် | ၁၄၆ | ၅ | သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ ဆည်ဟောင်းပြုပြင် တည်ဆောက်နိုင်ရေး တင်ပြတောင်းခံရန် | |
| အသိပညာ ဗဟုသုတ | စာကြည့်တိုက် တည်ဆောက်ရန် | ၁၄၁ | ၆ | သက်ဆိုင်ရာဌာနများနှင့် ကျေးရွာနေပြည်သူများမှ ပူးပေါင်း၍ စာကြည့်တိုက် တည်ဆောက်နိုင်ရေး ဆောင်ရွက်ရန် | |
| မီးလင်းရေး | မီးလင်းရေးဆောင် ရွက်ရန် | ၁၃၅ | ၇ | သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်း၍ မီးရရှိရေးတင်ပြတောင်းခံ၇န် | |
| ပညာရေး | ဝန်ထမ်းအိမ်ရာ တည်ဆောက်ရန် | ၁၂၇ | ၈ | သက်ဆိုင်ရာဦးစီးဌာနများနှင့် ကျေးရွာပြည်သူများမှပူးပေါင်း၍ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေး ဆောင်ရွက်ရန် | |
| အုပ်ချုပ်ရေး | အုပ်ချုပ်ရေးရုံး တည်ဆောက်ရန် | ၁၁၅ | ၉ | ကျေးရွာနေပြည်သူများမှ အုပ်ချုပ်ရေးရုံး တည်ဆောက်နိုင်ရေး ပူးပေါင်း ဆောင်ရွက်ရန် | |

နောက်ဆက်တွဲ (၁)

သရက်မြို့နယ်၊ ရွှေပန်းကိုင်းကျေးရွာအုပ်စု၊ ရွှေပန်းကိုင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမိုးကျော် | ဦးမှတ် | ၈/သရန(နိုင်)၀၁၁၃၈၀ | ၁၃၃၀ | ၄-တန်း | ဥက္ကဋ္ဌ | ၀၉-၉၇၄၀၃၂၇၈၈ |
| ၂ | ဦးရာသိန်း | ဦးသာမှန် | ၈/သရန(နိုင်)၀၁၁၃၈၃ | ၁၃၂၇ | ၂-တန်း | အတွင်းရေးမှူး | ၀၉-၉၇၂၃၅၉၆၆၂ |
| ၃ | ဦးညွန့်မောင် | ဦးပေ | ၈/သရန(နိုင်)၀၁၁၄၁၂ | ၁၃၃၀ | ၄-တန်း | ဘဏ္ဍာရေးမှူး | ၀၉-၉၇၃၃၅၈၁၃၇ |
| ၄ | ဦးစိုးဝင်း | ဦးကျန်ရီ | ၈/သရန(နိုင်)၀၁၁၄၅၄ | ၁၃၃၃ | ၄-တန်း | စာရင်းကိုင် | ၀၉-၉၇၉၀၆၂၇၄၆ |
| ၅ | ဒေါ်ချစ်ဝင်း | ဦးမိုးအေး | ၈/သရန(နိုင်)၀၅၇၉၃၀ | ၁၃၃၄ | ၄-တန်း | သော့ကိုင် | ၀၉-၉၇၅၅၆၇၉၂၁ |
| ၆ | ဦးကျော်ငွေး | ဦးအောင်ကြည် | ၈/သရန(နိုင်)၀၆၅၄၈၂ | ၁၃၃၈ | ဘက | သော့ကိုင် | ၀၉-၉၇၄၀၃၂၉၆၇ |
| ၇ | ဒေါ်စိန်ငွေး | ဦးသန်းညွန့် | ၈/သရန(နိုင်)၀၁၁၄၇၈ | ၁၃၃၂ | ၄-တန်း | အဖွဲ့ဝင် | |
| ၈ | ဦးဖိုးကျန် | ဦးထွန်းရှိန် | ၈/သရန(နိုင်)၀၁၁၃၉၀ | ၁၃၃၀ | ၄-တန်း | အဖွဲ့ဝင် | ၀၉-၉၇၁၀၄၂၆၀၃ |
| ၉ | ဒေါ်တင်ငွေး | ဦးသန်းညွန့် | ၈/သရန(နိုင်)၀၅၇၈၉၁ | ၁၃၃၂ | ၄-တန်း | အဖွဲ့ဝင် | |

သရက်မြို့နယ်၊ ရွှေပန်းကိုင်းကျေးရွာအုပ်စု၊ ရွှေပန်းကိုင်းကျေးရွာ၏ ဝယ်ယူရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးစိုးဝင်း | ဦးကျန်ရီ | ၈/သရန(နိုင်)၀၁၁၄၅၄ | ၁၃၃၃ | ၄-တန်း | စာရင်းကိုင် | ၀၉-၈၇၉၀၆၂၇၄၆ |
| ၂ | ဒေါ်ချစ်ဝင်း | ဦးမိုးအေး | ၈/သရန(နိုင်)၀၅၇၉၃၀ | ၁၃၃၄ | ၄-တန်း | သော့ကိုင် | ၀၉-၈၇၅၅၆၇၉၂၁ |
| ၃ | ဦးကျော်ငွေး | ဦးအောင်ကြည် | ၈/သရန(နိုင်)၀၆၅၄၈၂ | ၁၃၃၈ | ဘက | သော့ကိုင် | ၀၉-၈၇၄၀၃၂၉၆၇ |

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၂ | ၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၁၁ | ၂၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၇ | ၂၄ |
| ၁၀နှစ်မှ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၆ | ၁၅ | ၃၁ |
| ၁၅နှစ်မ ၆၄နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၂ | ၁၉၅ | ၃၇၇ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၂၁ | ၃၂ |
| စုစုပေါင်း | | ၂၄၀ | ၂၅၁ | ၄၉၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၃၀ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ရွှေပန်းကိုင်းကျေးရွာတွင် အိမ်ထောင်စု (၁၃၀)စု၊ အမျိုးသား (၂၄၀)ဦး၊ အမျိုးသမီး (၂၅၁)ဦး ဖြစ်ပြီး လူဦးရေစုစုပေါင်း (၄၉၁)ဦး နေထိုင်လျှက်ရှိပါသည်။ နေထိုင်သူ လူဦးရေ၏ (၅%)ခန့်မှာ မွေးကင်းစမှ ၅-နှစ် အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေးဦးရေ (၁၂%)၊ သက်ကြီးရွယ်အိုဦးရေ (၆%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေ (၇၇%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ် ဖြစ်ကာ လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဆိုပါက ဒေသစီးပွားရေး တိုးတက်အောင်စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာအိမ်ထောင်စု အားလုံးမှာ ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၁ | ၁၇၉ | | မြင့် |
| | အလုပ်သမား / ဝန်ထမ်း | ၃၉ | ၃၆ | | မြင့် |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၂ | ၁၈၂ | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၃ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | ၅ | | နိမ့် |
| | | | | | |
| ၅ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၆ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | လတ် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၇ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၈ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၉ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၀ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်း လုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၁ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၂ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၃ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကျပန်း/ရာသီအလိုက် အလုပ်သမား | | | | |
| ၁၄ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | လတ် |
| | စုစုပေါင်း | ၁၃၀ | ၃၄၉ | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

လေ့လာတွေ့ရှိချက်။ ။ အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှု အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း ၊ လက်သမား/ ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အဓိက လုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် စက်ချုပ် ခြင်း၊ ကားများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၂ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၃ | လက်လီလက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၄ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်) | နေ့စား | | | | |

ရင်းမြစ်.. ဦးတည်အုပ်စု ဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် အများဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၇၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀ိ/-)နှုန်းနှင့် အနည်းဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦး လျှင် (၃၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀ိ/-)နှုန်းအငှားခေါ်၍ လုပ်ငန်း ဆောင်ရွက် ကြရသည်။ လက်သမားပန်းရံလုပ်ငန်းများတွင် နေ့စားလိုက် လုပ်အားခနှုန်းများမှာ အမျိုး သားအမျိုးသမီးအားလုံး (၃၀၀၀ိ/–)ကျပ်ရရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ)　　သဘာဝရင်းမြစ်များ
(ဂ-၁)　　စိုက်ပျိုးနိုင်သော မြေဧရိယာ
ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
|---|---|---|
| လယ်မြေ | ၁၂၇.၅၃ | သင့် |
| ယာမြေ / တောင်ယာမြေ | ၉ | သင့် |
| ဥယျာဉ်ခြံမြေ | | သင့် |
| ကိုင်း/ကျွန်းမြေ | ၁၃.၂၅ | သင့် |
| စားကျက်မြေ | ၁၅.၇၅ | သင့် |
| မြေလွတ်မြေလပ် | | သင့် |
| စုစုပေါင်း | ၁၆၅.၅၃ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။　　　။ ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၂၇.၅၃)ဧက၊ ယာမြေ(၉)ဧက၊ ကိုင်း (၁၃.၂၅)ဧကနှင့် စားကျက်မြေ(၁၅.၇၅)ဧက စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၁၆၅.၅၃)ဧက ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ တောင်သူအိမ်ထောင်စုတစ်စု လျှင် ပျှမ်းမျှ (၂)ဧကခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအတွင်းရှိ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချနိုင်မှု |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | မရှိ | အသုံးမပြုနိုင်ပါ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | နည်း | ခက် |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ | ခက် |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | သင့် | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ရွှေပန်းကိုင်းကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတ များ (ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်)များ ထွက်ရှိမှုမရှိပါ။ နွားစာ/ ဝက်စာများအဖြစ် စားကျက်မြေ အသင့်အတင့် ရှိပါသည်။ သဘာဝအပင်မျိုးစိတ်များ ရှိပြီး၊ တိရစ္ဆာန် မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပါသည်။ အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၄)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧက အောက် | မြေမရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| | | | | |
| အိမ်အခြေအနေ | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ဝါးထရံကာ၊ ဝါးခင်း၊သွပ်မိုး | ဝါးထရံကာ၊ဝါးခင်း၊ သက်ကယ်မိုး/ သွပ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား |
| အခြားပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ ဖုန်း(၂)လုံးနှင့် အထက်၊တီဗွီ၊ စလောင်း၊ ရေဒီယို | ဆိုင်ကယ်၊ဖုန်း(၁) လုံး၊တီဗွီ၊စလောင်၊ ရေဒီယို | ဖုန်း | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ၊ သယ်ယူပို့ ဆောင်ရေး | တောင်သူ | တောင်သူ၊ ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၂၉ | ၄၂ | ၄၄ | ၁၅ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနေအိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်များခွဲခြားရာတွင် အဆင်ပြေသောအိမ်ထောင်စု (၂၉)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၄၂)စု၊ မပြေလည်သော အိမ်ထောင်စု (၄၄)စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၁၅)စု ရှိကြောင်း တွေ့ရှိရပါသည်။ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် ကျေးရွာသည် တောင်သူ အများစုနေထိုင်သည့် ကျေးရွာဖြစ်သည့်အတွက် လယ်/ယာမြေဧက ပိုင်ဆိုင်မှု အခြေအနေ၊ ကုန်ထုတ်လုပ်ငန်းနှင့်ဆိုင်သော စက်ပစ္စည်းပိုင်ဆိုင်မှုအခြေအနေ၊ အခြားစက်ပစ္စည်း ပိုင်ဆိုင် မှု အခြေအနေတို့အပေါ်မူတည်၍ အဆင့်သတ်မှတ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င)   ထိခိုက်လွယ်မှု

(င-၁)  ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစားအစာပြောင်းလဲစား=……………..<br>အစားလျှော့စား =……………....<br>အထောက်အပံ့ယူ =……………..<br>ချေးယူ =……………….<br>လုပ်အားခကြိုယူ =……………….. |
| ၃လ နှင့် ၆လ ကြား ဝမ်းစာဖူလုံမှု | - | အခြားအစားအစာပြောင်းလဲစား=……………..<br>အစားလျှော့စား =……………....<br>အထောက်အပံ့ယူ =……………..<br>ချေးယူ =……………….<br>လုပ်အားခကြိုယူ =……………….. |
| ၆လ နှင့် ၁၂လ ကြား ဝမ်းစာဖူလုံမှု | - | အခြားအစားအစာပြောင်းလဲစား=……………..<br>အစားလျှော့စား =……………....<br>အထောက်အပံ့ယူ =……………..<br>ချေးယူ =……………….<br>လုပ်အားခကြိုယူ =……………….. |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆင်းရဲသည့် အိမ်ထောင်စုအချို့ရှိသော်လည်း ဝမ်းစာမဖူလုံသည့် အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၂)  ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ် နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | – | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွှေပန်းကိုင်းကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် |
| ၃ | ရေကြီးခြင်း | နိမ့် |
| ၄ | မိုးခေါင်ခြင်း | နိမ့် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် |
| ၆ | မုန်တိုင်း | နိမ့် |
| ၇ | လျှော် | နိမ့် |
| ၈ | မီးဘေး | နိမ့် |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် |
| ၁၃ | တီဘီရောဂါ | နိမ့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွှေပန်းကိုင်းကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံသည့် အိမ်ထောင်စု မရှိပါ။ အဘာ၀အရင်းအမြစ်များဖြစ်သည့် မြေနှင့် စိုက်ပျိုးရေ ရရှိမှု အသင့်အတင့်ရှိပါသည်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊အအေးလွန်ကဲခြင်း၊ လျှင် အစရှိသည့် သဘာဝဘေး အန္တရာယ်ကျရောက်မှု အလွန်နည်းပါးပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | လူငယ် | မရှိ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ |
| ၉ | ငါးကန်ပိုင်ရှင်များ | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | နိမ့် |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မရှိ |
| ၁၅ | ဆေးစွဲသူများ | မရှိ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မရှိ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွှေပန်းကိုင်းကျေးရွာတွင် လူငယ်များ၊ ဆင်းရဲသားတောင်သူများ နှင့် အမျိုးသမီးများအတွက် ထိခိုက်လွယ်မှု နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | နာယကအဖွဲ့ | လူမှုရေးအဖွဲ့ | ၇ | | ၇ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၂ | ဂေါပကအဖွဲ့ | ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ | ၇ | | ၇ | ဘာသာရေး | သင့် |
| ၃ | ကျောင်း အကျိုးတော် ဆောင်အဖွဲ့ | လူမှုရေးအဖွဲ့ | ၁၀ | | ၁၀ | ပညာရေး | သင့် |
| ၄ | ပညာရေး ပဒေသာပင် အဖွဲ့ | လူမှုရေးအဖွဲ့ | ၁၀ | | ၁၀ | ပညာရေး | သင့် |
| ၅ | ရွာမိရွာဖ အဖွဲ့ | လူမှုရေးအဖွဲ့ | ၉ | | ၉ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | အုပ်ချုပ်ရေး အဖွဲ့ | | ၁၄ | | ၁၄ | လုံခြုံရေးနှင့် ကာကွယ်ရေး | သင့် |
| ၇ | အမျိုးသမီး အဖွဲ့ | လူမှုရေးအဖွဲ့ | | ၇ | ၇ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |
| | | | | | | | |
| | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွှေပန်းကိုင်းကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ မှာ- ဘာသာရေးအသင်းအဖွဲ့များအဖြစ် ဂေါပကအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ အဖြစ် ရပ်မိရပ်ဖအဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့်နာယကအဖွဲ့၊ ပညာရေးအဖွဲ့များအဖြစ် ကျောင်းအကျိုး တော်ဆောင်အဖွဲ့နှင့် ကျောင်းပဒေသပင်အဖွဲ့၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး အဖွဲ့များ အဖြစ် အုပ်ချုပ်ရေးအဖွဲ့နှင့် အရန်မီးသတ် အဖွဲ့တို့ ဖွဲ့စည်းဆောင်ရွက်လျှက် ရှိကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ရွှေပန်းကိုင်းကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၆၈ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၂၂ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | - | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၃၀ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ရွှေပန်းကိုင်းကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ (၅)ဧကမှ(၁၂.၅) ဧကကြား ပိုင်ဆိုင်သူ အိမ်ထောင်စု(၃)စု၊ အလယ်အလတ် အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၉၀)စု၊ မြေပိုင်ဆိုင်မှု မြေယာမဲ့ လက်လုပ်လက်စား အိမ်ထောင်စု (၃၇)စု ရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | မိုးရေ | ၁၆၅.၅၃ | တစ်နှစ်ပတ်လုံး | ရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှ တောင်သူများအနေဖြင့် မိုးရေကိုသာအဓိကထား စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် | အမြတ် ရရှိနိုင်မှု |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများ ဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၁၂၇. ၅၃ | တင်း | ၅၀ | ၈၀ | ၆၀ | ဝါဆို | ဝါခေါင် | လတ် | လတ် |
| ပဲကြီး | ၁၃.၂၅ | တင်း | ၁၀ | ၁၄ | ၁၂ | တန်ဆောင်မုန်း | နတ်တော် | လတ် | နိမ့် |
| | | | | | | | | | |
| | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့် ပဲကြီးဖြစ်ပါသည်။ စပါး အထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၅၀)တင်း၊ အများဆုံး (၈၀)တင်းနှင့် ပျမ်းမျှ (၆၀)တင်း ထွက်ရှိပါ သည်။ ပဲကြီး(၁)ဧက အထွက်နှုန်းမှာ အနည်းဆုံး (၁၀)တင်း၊ အများဆုံး (၁၄)တင်းနှင့် ပျမ်းမျှ (၁၂)တင်း ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ်အနေဖြင့် အသင့် အတင့် ရရှိပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦး ချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၁ | – | – | ၇၀ |
| လက်တွန်းထွန်စက် | – | – | – | – |
| အစေ့ချ ကိရိယာ | – | – | – | – |
| ရိတ်သိမ်းခြွေလှေ့စက် | – | – | – | – |

| စက်အမျိုးအစား | တစ်ဦး ချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ရိတ်သိမ်းစက် | – | – | – | – |
| ခြွေလှေ့စက် | – | – | – | – |
| ရေစုပ်စက် | – | – | – | – |
| ခြေနင်းရေတင်စက် | – | – | – | – |
| မြက်ရိတ်စက် | – | – | – | – |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုအနေဖြင့် ပုဂ္ဂလိကပိုင် လယ်ထွန်စက် (၁)စက် ရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးမြေဧက အနည်းငယ်သာ ပိုင်ဆိုင်သော အိမ်ထောင်စုများအနေဖြင့် မိသားစုလုပ်အား ဖြင့်သာ လုပ်ကိုင်ကြပြီး မြေဧက (၅)ဧကမှ (၁၂)ဧကအထက် ပိုင်ဆိုင်သော အိမ်ထောင်စု များမှာလည်း မိသားစုဝင်လုပ်အား ဖြင့်သော်လည်းကောင်း၊ လိုအပ်ပါက ထွန်စက်ငှား၍ သော်လည်းကောင်း လုပ်ကိုင် ဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | သင့်တင့်မျှတ |
| လယ်ယာမြေ အသုံးချနိုင်မှု | သင့်တင့်မျှတ |
| စိုက်ပျိုးရေ အရင်းအမြစ် | အသင့်အတင့်ရှိ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | ရသည် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | ဝယ်ယူရနိုင်သည် |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| လုပ်သားရရှိနိုင်မှု | ရနိုင်သည် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ရနိုင်သည် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို ရောင်းချနိုင်သည် |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ရွှေပန်းကိုင်းကျေးရွာ၏ သဘာဝရေမြေရာသီဥ တုအနေအထား အနေဖြင့် မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ရာသီဥ တုကောင်းမွန်မည်ဆိုပါက စိုက်ပျိုးရေရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များ၊ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေသြဇာနှင့် အခြား ပိုးသတ်ဆေး၊ ဓါတ်မြေသြဇာစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းနှင့် အရင်းအနှီး အဖြစ် သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရရှိခြင်း၊ လုပ်သား အလွယ် တကူ ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ရရှိခြင်းတို့သည် ကျေးရွာနေ တောင်သူ များအတွက် များစွာအထောက်အကူပြုလျှက်ရှိကြောင်း တွေ့ရှိရ ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီမြေသြဇာမကောင်း |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | အနည်းငယ် |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ မြေဆီမြေသြဇာမကောင်းခြင်းဖြစ်ပါသည်။ ရေသွင်းစိုက်ပျိုးရန်အတွက် ရေအရင်းအမြစ် ရှားပါး ပါသည်။ သီးနှံအထွက်တိုးရန်နှင့် မြေသြဇာကောင်းရန် နည်းပညာလိုအပ်လျှက်ရှိပါသည်။ လုပ်သားများ အလွယ်တကူမရပါ။ ဖျက်ပိုးနှင့် ရောဂါကျရောက်မှု အနည်းငယ်သာရှိပါသည်။

(၁) မွေးမြူရေး ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေး ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးလုပ်ငန်းလုပ်ကိုင် နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| နွား | ၅၉ | ၁၃၇ |
| နို့စားနွား | – | – |
| ကျွဲ | – | – |
| မြင်း | – | – |
| မြည်း | – | – |
| လား | – | – |
| ဆိတ် | – | – |
| သိုး | – | – |
| ဝက် | ၃၃ | ၃၃ |
| ကြက် | ၇၃ | ၈၁၄ |
| ဘဲ | | |
| နွားနောက် | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွှေပန်းကိုင်းကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင် စု (၃၃)စုရှိပြီး ဝက်အကောင်ရေ (၃၃)ကောင်၊ ကြက်မွေးမြူရေးလုပ်ကိုင်သူအိမ်ထောင်စု (၇၃)စုရှိပြီး ကြက်ကောင်ရေ (၈၁၄)ကောင် ၊ နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၅၉)စု ရှိပြီး နွားအကောင်ရေ (၁၃၇) ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | အသင့်အတင့်ရရှိနိုင်ပါသည်။ |
| ရေရရှိမှု | အသင့်အတင့်ရရှိနိုင်ပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်ပါ သည်။ |
| ချေးငွေ | ချေးငွေ အသင့်အတင့်ရနိုင်ပါသည်။ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများ ဝယ်ယူနိုင်သည် ။ |
| ဝန်ဆောင်မှု နှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာ ဝန်ဆောင်မှုများ ရနိုင်သည်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည် ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အသင့်အတင့်ရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူထားသော တိရစ္ဆာန်များအတွက် စားကျက်မြေ အသင့်အတင့်ရှိခြင်း၊ သောက်ရေ/ချိုးရေအတွက် ကိုယ်ပိုင်အဝီစိတွင်းများရှိခြင်းတို့သည် မွေးမြူရေး လုပ်ငန်း ဆောင်ရွက်ရန် အထောက်အကူပြုသည့် အခွင့်အလမ်းများ ဖြစ်ပါသည်။ ငါးလုပ်ငန်း လုပ်ကိုင်သူ မရှိပါ။

(၃)   မွေးမြူရေး တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | စားကျက်မြေရှားပါသည်။ |
| ရေရရှိမှု | ရေရှားပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူမရနိုင်ပါ။ |
| ချေးငွေ | ချေးငွေ လုံးဝမရပါ။ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) စျေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရနိုင်ပါ။ |
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာဝန်ဆောင်မှုများ မရှိပါ။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာ နှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မြေနေရာအလုံအလောက်မရှိပါ။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ စားကျက်မြေရှားပါးခြင်း၊ မျိုးကောင်းတိရစ္ဆာန် လက်လှန်းမှီမှု မရှိခြင်း၊ အိမ်ခြံဝန်းအတွင်း မြေနေရာ လုံလောက်မှုမရှိခြင်းစသည့် အခက်အခဲများ ရှိပါသည်။

(ခ-၃)  စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁)   စိုက်ပျိုးမွေးမြူရေးမဟုတ်သော  အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း များ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | အသင့်အတင့် |
| လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသ ထွက်ကုန်များကို ရောင်းချရန် စျေးကွက်ရှိခြင်း | စျေးကွက် အသင့်အတင့် |
| စျေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | အသင့်အတင့် နားလည်သည် |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
